

တစ်ကျော့ပြန်
ဟွာဆန်း
(ချွန်းမြောင်)
(၁၁၅-၁)
(Chapter 1-15)
ဘာသာပြန်စာရေးဆရာ - Hnin

# တစ်ကျော့ပြန်ဟွားဆန်း
# ဘာသာပြန်သူ-Hnin
# Book 1 Chapter 1 to 15

## နိဒါန်းးး ...

ဟွာဆန်းဂိုဏ်း၏တတိယမျိုးဆက်ဓားသမားများအနက်မှ တစ်ဆယ့်သုံးယောက်မြောက်တပည့်...မက်မွန်ပန်းပွင့်ဓားအရှင်သခင်ချွမ်းမြောင်...

လောကကြီးတစ်ခုလုံးအား ဖရိုဖရဲဖြစ်စေသော ပြိုင်ဘက်ကင်းမိုးကောင်းကင်နတ်ဆိုးအား ခေါင်းဖြတ်သုတ်သင်ပြီးနောက် သူသည်တောင်တစ်သန်းမဟာတောင်ထွဋ်ပေါ်၌ ထာဝရအိပ်စက်အနားယူသွားခဲ့သည်။နှစ်ပေါင်းတစ်ရာ ကုန်လွန်ခဲ့ပြီးချိန်တွင် ချွမ်းမြောင်က ကလေးတစ်ယောက်၏ခန္ဓာကိုယ်အတွင်းသို့ ပြန်လည်ရောက်ရှိလာပေ၏။

သို့ရာတွင်...မည်သည့်ကြောင့်နည်း။ဟွာဆန်းဂိုဏ်း ပျက်စီးသွားပြီဟု ဆိုလိုက်သလော...။ဤလူများက အဓိပ္ပါယ်မရှိသောစကားများကို မည်သည်ကြောင့်ပြောနေကြသနည်း...။

အကယ်၍ သူ သေဆုံးသွားလျှင်ပင် သူ နေထိုင်ခဲ့သည့်နေရာအား ရှင်သန်နေစေလိုခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်ပင်။

"ပျက်စီးသွားပြီတဲ့လား...ငါ ဒီနေရာမှာရှိနေတာတောင်မှ ဘယ်ကောင်က

လုပ်ဝံ့တာလဲ"

အဆုံးသတ်၌ မက်မွန်ပန်းပွင့်များကြွေကျမြေခခဲ့သည်။

သို့ရာတွင် ဆောင်းလေအေးများတိုက်ခတ်ချိန်လွန်မြောက်ပြီး နွေဦးပြန်လည်ရောက်ရှိချိန်တွင် မက်မွန်ပန်းပွင့်တို့ တဖန်ပြန်၍ပွင့်လန်းလာပေမည်။

"တကယ်လို့ ငါ သေဆုံးသွားရရင်တောင် ဟွာဆန်းဂိုဏ်းပြန်ရှင်သန်ရမယ်....တကယ်လို့ မင်းတို့က ဟွာဆန်းဂိုဏ်းကို ဖျက်ဆီးဝံ့တယ်ဆိုရင် မင်းတို့ကောင်းကောင်းနေနိုင်တုန်းနေထားကြစမ်း ခွေးမသားတွေ..."

မက်မွန်ပန်းပွင့်ဓားအရှင်သခင်ချွမ်းမြောင်က ဟွာဆန်းဂိုဏ်းပြန်ရှင်သန်လာစေရန် သူ တစ်ကိုယ်တည်းအထီးကျန်ကြိုးစားခြင်းက အစကဏ္ဍဦးဖြစ်ပေ၏။

***

## Chapter 1

## ဒီအခြေအနေက ဘယ်လိုငရဲမျိုးလဲ

အိမ်မက်တစ်ခုလော...မဖြစ်နိုင်ချေ...ဤသည်က အိမ်မက်လော မှတ်ဥာဏ်တစ်ခုလော သို့မဟုတ် သူ သေမင်းနှုတ်ခမ်းဝ၌ ကခုန်နေရသဖြင့် သွေးလေချောက်ခြားနေခြင်းလော။သူ သေဆုံးသွားခြင်းလော သေအံ့မူးမူးလော သို့မဟုတ် အသက်ရှင်သန်နေဆဲလောကိုပင် သူ မသိချေ။

သူ မြင်နိုင်သမျှအရာအားလုံးသည် အတိတ်အကြောင်းအရာများသာ....

ကလေးဘဝမှတ်ဥာဏ်များ...သူ ဟွာဆန်းဂိုဏ်းသို့ ပထမဆုံးစတင်ဝင်ရောက်ချိန်က သူ၏ပုံပန်းသွင်ပြင်...ဆရာတူအကိုဂျန်မွန်းနှင့်အတူ သေလုမျောပါးလေကျင့်ခဲ့ရသော မြင်ကွင်းများ...တင်းကြပ်သောစည်းမျဥ်းများ

များမှ လွတ်မြောက်ပြီး လောကကြီးအား စတင်လှည့်လည်ကြည့်ရှုမိချိန်...

"စစ်သည်တော်တစ်ယောက်ဖြစ်မလာခင် မင်းက ကျင့်ကြံသူတစ်ယောက်ဖြစ်နေရမယ်...ကျင့်ဝတ်မရှိတဲ့ စွမ်းအားဟာ အကြမ်းဖက်မှုသက်သက်ဆိုတာ မင်း နားလည်ရမယ်"

တကျည်ကျည် နားပူနားဆာလုပ်ခြင်း

အဆက်မပြတ်နားပူနားဆာလုပ်ခြင်း

ထိုစကားများက သူ့အား ပျင်းရိငြီးငွေ့စေသည်။သူ ဟွာဆန်းဂိုဏ်း၏တပည့်ဖြစ်နေစဥ်တုန်းက သင်ကြားမှုများကို အပြည့်အဝလိုက်နာခြင်းမရှိခဲ့ချေ။သူ၏ပင်ကိုပါရမီကြောင့် 'ဇီးပန်းပွင့် ဓားသူတော်စင်'ဟူသော ဘွဲ့ထူးကိုရခဲ့သော်လည်း သူက ဟွာဆန်းဂိုဏ်းတွင် ဝါအနုဆုံးသူတစ်ယောက်ပင်။

မည်သည်ကြောင့် သူ စောစီးစွာ နားလည်သဘောပေါက်ခြင်းမရှိခဲ့သနည်း။သင်ကြားချက်များအား အဓိပ္ပါယ်မရှိဟု သူခံစားနေရလျှင်ပင် သူဖြစ်တည်လာမှုအတွက် ဟွာဆန်းဂိုဏ်းအပေါ် သူ အကြွေးတင်နေသည်။ဤသည်ကြောင့် သူ ဂိုဏ်းအား လွန်စွာကြည်ညိုလေးစားပေ၏။

သူ သိရှိနားလည်ချိန်က အလွန်နောက်ကျနေလေပြီ။သူ နောင်တရရန်အတွက်ပင် အလွန်နောက်ကျနေသည်။

အကယ်၍ သူ သင်ကြားမှုများပေါ်တွင်သာ အနည်းငယ်ပို၍ အာရုံစိုက်မိပါက သူ ယခုထက်ပို၍ အနည်းငယ်အားကောင်းနေပါက ဤခါးသည်းသောအဆုံးသတ်ကို ပြောင်းလဲကောင်းပြောင်းလဲနိုင်ပေမည်။အကယ်၍ သူသာ ထိုသို့ဖြစ်ခဲ့ပါက....

"မင်းရဲ့ဆုံးဖြတ်ချက်ကို နောင်တရနေပြီလား"

ချွမ်းမြောင်က ဆရာတူအကိုဂျန်မွန်း၏ နူးညံ့ညင်သာသောအသံကို

ကြားလိုက်ရသည်။သူ၏ဖခင် သူ၏အကိုကြီး သူ၏မိသားစု...ထိုလူများသည် ချမ်းမြောင်၏ရည်မှန်းချက်ပန်းတိုင်ပင်။ထိုလူများနောက်သို့ သူအဆုံးထိလိုက်လိုခဲ့သော်လည်း သူ အလွန်နောက်ကျနေခဲ့လေပြီ။

အမှန်ပဲ...ကျွန်တော် နောင်တရတယ်...ကျွန်တော် နောင်တအရမ်းရမိတယ် ဆရာတူအကိုကြီး...

"နောင်တရနေစရာ မလိုပါဘူး"

ဂျန်မွန်း၏အသံတွင် နွေးထွေးမှုများ လွှမ်းခြုံနေသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ဒါက ဟွာဆန်းဂိုဏ်းပဲလေ"

ဆရာတူအကို၏အသံသည် ထာဝရနွေးထွေးပြီး ကြင်နာတက်သော အရိပ်အငွေ့များ စွက်ဖက်နေပေ၏။

"ဘာဖြစ်ဖြစ် ဟွာဆန်းဂိုဏ်းတဲ့လား"

ကျွတ်...

ထိုသို့ဆိုလျှင်ပင်....

ဟမ်...ဘာလဲ...

"အား.....နာလိုက်တာ...ငါရဲ့ခေါင်း....ငါ မခံစားနိုင်တော့ဘူး...ဒါ ဘယ်လိုနာကျင်မှုမျိုးပါလိမ့်...ငါ့ရဲ့ခြေလက်တွေကို ဖြတ်တောက်ပစ်လို့များ ဒီလိုမျိုး ခံစားနေရတာလား"

"ကောင်း...ကောင်းကင်ဘုံနတ်ဆိုးလား...အဲ့ဒီခွေးမသား ခုထိ မသေသေးဘူးလား"

ချမ်းမြောင်က သူ့ခေါင်းကိုကာကွယ်နိုင်ရန်အတွက် မသိစိတ်မှနေ၍ လက်အလိုလိုမြှောက်လိုက်မိသည်။အကယ်၍ ကောင်းကင်ဘုံနတ်ဆိုးသာ ယခုထိမသေသေးပါက ဤတိုက်ခိုက်မှုများက သူ့အားကောင်းစွာ

အဆုံးသတ်သွားပေလိမ့်မည်။

"ကောင်းကင်ဘုံနတ်ဆိုးလား"

သို့ရာတွင် ချွမ်းမြောင်အား ပြန်လည်အဖြေပေးသောအသံသည် ကောင်းကင်ဘုံနတ်ဆိုးမဟုတ်ဘဲ သူ မသိရှိသော လေးလံပြီးတုန်ရီနေသည့်အသံဖြစ်ပေ၏။

"အမ်"

သူ မျက်လုံးဖွင့်ကြည့်လိုက်ချိန်တွင် မြင်တွေ့ရသောမျက်နှာသည် သူနှင့်စိမ်းသက်ပေ၏။

သူတောင်းစားတစ်ယောက်လော…ထိုသူက လေလွင့်သူတောင်းစားတစ်ယောက်ပင်။သူ၏ခါး၌ချည်နှောင်ထားသော အထုံးများအရ ဆုံးဖြတ်ရလျှင် စကားလုံးကောင်းကောင်းဖြင့်ဆိုရပါက လူသူအများရှေ့၌ဦးဆောင်တောင်းရမ်းသူဖြစ်ပြီး စကားဆိုးဆိုရလျှင် သူတောင်းစားများကြားမှ အထက်တန်းစားသူတောင်းစားတစ်ယောက်ပင်။

မျက်နှာထားဆိုးဆိုးနှင့် ပေပွနေသောသူတောင်းစားကို ချွမ်းမြောင်က တွေ့မြင်လိုက်ရ၏။

ဤအခြေအနေက မည်သို့ဖြစ်နေသနည်း။မည်သည့်ကိစ္စများ ဖြစ်ပျက်နေသည်ကို သူ နားမလည်နိုင်ချေ။

"ကောင်းကင်ဘုံနတ်ဆိုး…ဟုတ်လား"

သူတောင်းစား၏မျက်နှာသည် ယားယံမှုကြောင့် နီမြန်းနေသည်။

"မင်းက ပျင်းရိနေတဲ့ငဖျင်းကောင်ပဲ….အိပ်ပျော်နေရင်းတောင် စကားပြောနေတယ်…လူတိုင်းက တောင်းရမ်းဖို့ထွက်သွားချိန်မှာ မင်းက ကိစ္စကြီးတစ်ခုလုပ်နေသလို အိပ်မောကျနေတယ်…အင်း…ငါ မင်းကို ထပ်

ရယ်ရအောင်လုပ်ပေးရမလား..ဟမ်"

သူတောင်းစားက သူ့လက်အတွင်းရှိ ဝါးတုတ်ချောင်းကိုမြှောက်ရင်း ပြောဆိုလိုက်သည်။

နေပါဦး...အဲ့ဒီကောင်က အခုငါကို ခြိမ်းခြောက်နေတာလား...ဒါက ဘယ်လိုကြီးလဲ

"ဟမ်"

ချွမ်းမြောင်၏ ရုတ်တရက်လှောင်ပြုံးလိုက်မှုကြောင့် သူတောင်းစား ကြက်သေသေသွားသည်။

ဤအခြေအနေက ထူးဆန်းနေသော်လည်း ဆက်စပ်စဥ်းစားရန်မလိုအပ်ဟု ချွမ်းမြောင်ခံစားနေမိသည်။မည်သို့ပင်ဆိုစေကာမူ ချွမ်းမြောင်ဟူသောသူမှာ မည်ကဲ့သို့သူမျိုးဖြစ်သနည်း။သူသည် လောကကြီးအတွင်းရှိ ထိပ်သီးဓားသမားသုံးဦးအနက်မှတစ်နေရာကို အခိုင်အမာရယူထားသူဖြစ်သည်။လူတိုင်းက သူ၏ဓားသိုင်းကို ဟွာဆန်းဂိုဏ်း၏အနှစ်သာရအဖြစ် ချီးမွမ်းခဲ့ကြပြီး ဓီးပန်းပွင့်ဓားသူတော်စင်ဟု ခေါ်ဆိုခဲ့ကြသည်။တခြားထိပ်သီးဓားသမားနှစ်ယောက်ပင်လျှင် သူ၏ပြိုင်ဘက်ဖြစ်ရန် မထိုက်တန်ချေ။ကောင်းကင်ဘုံနတ်ဆိုးပင်လျှင် နောက်ဆုံးအချိန်အခိုက်အတန့်၌ ချွမ်းမြောင်၏ဓားရေးကျွမ်းကျင်မှုကို အသိအမှတ်ပြုခဲ့သည်။ဂိုဏ်းခေါင်းဆောင်များနှင့်တပည့်များသည်လည်း သူ၏ရှေ့၌ ဦးညွှတ်ခဲ့ရ၏။

သို့ရာတွင် ထိုသူတောင်းစားက မည်သည့်ကြောင့်ခြိမ်းခြောက်မှု ပြုလုပ်နေသနည်း။ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေသလော။

"ဟမ်...အမ်...မင်းအခု ငါ့ကို နောက်နေတာလား...ကောင်လေး ဒီကိုကြည့်စမ်း...ငါ့ကို သေချာကြည့်...ခုအခြေအနေကို ငါ နားလည်နိုင်ဖို့ ခက်ခက်ခဲခဲ

ကြိုးစားနေတယ်...ဒါပေမယ့် အရင်ဆုံး မင်းရဲ့လက်ထဲကဟာကို အောက်ချထားတာ ပိုကောင်းလိမ့်မယ်"

"ဟား ဟား ဟား ဟား ဟား"

သူတောင်းစားက အူလှိုက်သည်းလှိုက်ရယ်မောနေပေ၏။

ချွန်းမြောင်က မျက်မှောင်ကြုတ်လိုက်သည်။မည်သည်ကြောင့် ဤသူတောင်းစားက သူ့အား ယခုကဲ့သို့ တုံ့ပြန်နေသနည်း။

ထို့နောက် သူတောင်းစားက သူ၏ဝါးတုတ်ချောင်းဖြင့် ချွန်းမြောင်ကို ရိုက်လိုက်သည်။

အမ်....

ချွန်းမြောင်က ကြက်သေသေသွားပေ၏။ချွန်းမြောင် မည်သူဖြစ်မှန်းသိနေသည့်တိုင် သူတောင်းစားတစ်ယောက်က ဤကဲ့သို့ပြုမူဝံ့သလော။မည်သည့်ကိစ္စများ ဖြစ်ပျက်နေပါစေ သူ ယနေ့ ဤသူတောင်းစား၏အမူအကျင့်ကို ပြုပြင်ပေးရပေမည်။

ရှေးဦးစွာ သူက ဝါးတုတ်ချောင်းကို တားဆီးရပေမည်။ချွန်းမြောင်က သူ၏ညာဘက်လက်ကို မြှောက်လိုက်သည်။

ဘာ....

အမ်....

နှေးလှချည်လား...ဘာလို့ သူ့ရဲ့လက်တွေ အရမ်းနှေးကွေးနေတာလဲ

ဝါးတုတ်ချောင်းက မြန်ဆန်ခြင်းမရှိသော်လည်း မည်သည်ကြောင့် သူ၏လက်က ထိုအရာထံသို့ရောက်ရန် အလွန်နှေးကွေးနေရသနည်း။ သူ၏အရှိန်နှုန်းဖြင့်ဆိုပါက ထိုဝါးတုတ်ချောင်းအား ကိုင်ဆောင်ပြီးဖြစ်သင့်သည်။

အာ…ဖြစ်နိုင်သည်က သူ၏ဒဏ်ရာများကြောင့်လော။ထိုသို့တွေးတော မိသည်နှင့် သူ အစွမ်းကုန်အားစိုက်လိုက်သည်။

အမ်…ဒါ ဘါကြီးလဲ…

သူ၏အမြင်အာရုံအစွန်ဘက်တွင် တုတ်ချောင်းထံသို့ ရွေ့လျားနေသော လက်သေးသေးလေးတစ်ဖက်ကို တွေ့မြင်လိုက်ရသည်။

အလွန်နှေးကွေးပြီး အလွန်တိုနေသလော။

လက်သေးသေးလေးက ဝါးတုတ်ချောင်းအား တားဆီးနိုင်မည်မဟုတ် ချေ။ဤသည်ကက အလုပ်မဖြစ်နိုင်ချေ။

ဝါးတုတ်ချောင်းက ချွန်းမြောင်၏ခေါင်းပေါ်သို့ ကျရောက်လာတော့သည်။

ချွန်းမြောင်က မြေပြင်ပေါ်၌ ပုံလျက်သားလဲကျသွားပြီး သူ၏ခန္ဓာကိုယ် တသိမ့်သိမ့်တုန်နေသည်။ဦးခေါင်းခွံကွဲထွက်လုမတတ် နာကျင်မှုကြောင့် သူ၏အတွေးများအားလုံး လွင့်စင်သွားပေ၏။

"အား…."

ချွန်းမြောင်က သူ၏ခေါင်းကိုပြန်ဆုပ်ကိုင်ပြီး လူးလိမ့်နေသည်။သူ၏ခြေ လက်များအား ဆုတ်ဖြဲခြင်းခံရစဥ်ကပင် ဤမျှထိမနာကျင်ခဲ့ချေ။

"ခွေးမသား…"

သူတောင်းစားက အလွန်စိတ်အားထက်သန်စွာ ချွန်းမြောင်အား ရိုက်နှက် နေပေ၏။

"အခြေအနေ…အခြေအနေကို နားလည်ရမှာလား…ငါ လုပ်ရမှာပေ့ါ…ဒါ ပေမယ့် ခုအခြေအနေကို မင်း အရင်ဆုံးနားလည်သဘောပေါက်အောင် ငါ အရင်လုပ်ရလိမ့်မယ်…မင်း ရူးနေတာလား ဟမ် ရူးနေတာလားလို့…မိုက်မဲ တဲ့ ခွေးမသား…မင်း ဦးနှောက်က အပူလွန်ပြီး ပျက်စီးသွားပြီလား…ဦး

နှောက်မပျက်ဖို့ အကောင်းဆုံးဆေးက တုတ်နဲ့ရိုက်တာပဲ...ခွေးမသား"

"အား...အား...အား...မင်းသာ ရူးနေတဲ့ သူတောင်းစား...အခုချက်ချင်းရပ်စမ်း...မဟုတ်လို့ကတော့...အား.."

"သေ...သေစမ်း"

"အား...ငါ နာနေပြီ...အား..."

ချွန်းမြောင်၏အော်ဟစ်နေသံများသည် သူ့အားအရိုက်ခံနေရခြင်းကြောင့် တဖြည်းဖြည်းပြောင်းလဲလာသည်။

"ခွေးမသား...ငါ မင်းကို အလွတ်မပေးဘူး...ငါ မင်းကို တစ်စစီလုပ်ပစ်မယ်"

ရွှပ်....

"ရပ်တော့...အခုရပ်ပါတော့...ကျေးဇူးပြုပြီးတော့...မင်း ရပ်လိုက်တော့"

ရွှပ်...

"အား...အား...မင်း ငါ့ကို ဘာလို့ထပ်ရိုက်နေတာလဲ...အား"

ရွှပ်...

"မင်း...သူတောင်းစားကြီး...အား အား...တောင်းပန်ပါတယ်"

ဝါးတုတ်ချောင်းဝှေ့ယမ်းသံက မရပ်မနား ဆက်လက်ထွက်ပေါ်နေသည်။

"...ကယ်ကြပါ....."

ရွှပ်...

"ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

လွတ်မြောက်ရန်အခွင့်အရေးမရှိသည့်အလား ချွန်းမြောင်သည် ခွေးတစ်ကောင်ကဲ့သို့ရိုက်နှက်ခြင်း ခံနေရ၏။

"အား...သူက ငါ့ကိုသိက္ခာချနေတာပဲ"

ချွန်းမြောင်က သူ့နှာခေါင်းအတွင်း အဝတ်စတစ်စကပ်နေသကဲ့သို့ ခံစားရသဖြင့် ဆွဲထုတ်လိုက်သည်။

"အား...အား..."

သွေးများအားမြင်တွေ့လိုက်ရသော အချိန်အခိုက်အတန့်တွင် ချွန်းမြောင်၏မျက်နှာအမူအယာ ပျက်ယွင်းသွားသည်။

နှာခေါင်းသွေး ယိုနေသလော။သူ အတွင်းဒဏ်ရာရရှိစဥ်ကပင် နှာခေါင်းသွေးယိုခြင်းမရှိဘဲ ယခုရိုက်နှက်ခံရရုံဖြင့် နှာခေါင်းသွေးယိုလာသလော။ဤအဖြစ်အပျက်များက အဓိပ္ပါယ်မရှိချေ။နှာခေါင်းသွေးယိုခြင်းကို အသာထားလျှင်ပင် သူ မျက်လုံးစဖွင့်စဥ်ကတည်းက အဓိပ္ပါယ်မရှိပေ။

သူ၏ညိုမဲပွန်းပဲ့နေသော မျက်ခွံများအကြောင်းမပြောလျှင်ပင် သူ၏ခန္ဓာကိုယ်သည် တစ်စုံတစ်ယောက်မှ နေရာလပ်မကျန်အောင် သိုင်းပညာတစ်မျိုးဖြင့် ရိုက်နှက်ထားသကဲ့သို့ နာကျင်နေသည်။အကယ်၍ သူတောင်းစားအား တားဆီးမည့်သူမရှိပါက သူ ဤအတိုင်းဆက်၍ အရိုက်ခံနေရမည်လော။

ဤကဲ့သို့ ရိုက်နှက်ခံရခြင်းမျိုး သူ၏ဘဝတလျှောက် ကြုံတွေ့ဖူးသလော။စည်းကမ်းတင်းကျပ်သည်ဟု နာမည်ကျော်ကြားသော ဟွာဆန်းဂိုဏ်းတွင်ပင် သူ နောက်ပြောင်မှုအမျိုးမျိုးပြုလုပ်ခဲ့သော်လည်း ယခုကဲ့သို့ဆိုးဆိုးရွားရွား ရိုက်နှက်ခံရဖူးခြင်းမရှိချေ။

ဤကဲ့သို့ အနိုင်ကျင့်အရှက်ကွဲခံရခြင်းမျိုး သူ ပထမဆုံးခံစားရခြင်းသည် သူတောင်းစားတစ်ယောက်၏လက်ဖြင့် ဖြစ်နေသလော။

ငါ အဲ့ကောင်ကို သတ်ပစ်မယ်...လူယုတ်မာကောင်...ငါ ပြန်ရိုက်မယ်..

ချွန်းမြောင်၏စိတ်အတွင်း၌ ဒေါသများတလိမ့်လိမ့် ထွက်ပေါ်နေသည်။

သူက မြေပြင်ပေါ်၌ လဲလျောင်းနေပေ၏။အကယ်၍ သူ စိတ်လိုက်မာန်ပါ ပြုလုပ်လိုက်ပါက သူ၏ခန္ဓာကိုယ် ပို၍ဆိုးဆိုးရွားရွား နာကျင်ရပေမည်။

"မဟုတ်သေးပါဘူး...ဒါထက်..."

ချွန်းမြောင်က သူ့ခေါင်းကိုအားယူမော့၍ နံဘေးရှိစမ်းချောင်းအတွင်းသို့ စိုက်ကြည့်လိုက်သည်။

စိမ်းသက်သက်မျက်နှာတစ်ခုက သူ့အား ကြိုဆိုနှုတ်ဆက်နေပေ၏။ချွန်းမြောင်က မျက်နှာရှုံ့လိုက်ချိန်တွင် လူငယ်ပုံရိပ်ကလည်း ထို့အတူပင်။ချွန်းမြောင်သက်ပြင်းချလိုက်စဥ်တွင် လူငယ်ပုံရိပ်ကလည်း သက်ပြင်းချနေပေ၏။

"ဘာတွေဖြစ်နေတာလဲ...ဘာလို့ ငါမသိတဲ့ ကလေးမျက်နှာက ရေထဲမှာ ပေါ်နေရတာလဲ"

မဟုတ်သေး...ဤသည်က ကောင်းသောကိစ္စပင်...သူ၏မျက်နှာပြောင်းလဲသွားခြင်းသည် သူ့အားစိတ်အနှောက်အယှက် မဖြစ်စေချေ။မည်သို့ပင်ဆိုစေကာမူ ငယ်ရွယ်နုပျိုခြင်းသည် ပိုကောင်းသည်မဟုတ်လော။ဤသည်က အလွန်ငယ်ရွယ်နေသော်လည်း အိုမင်းခြင်းထက် နုပျိုခြင်းက ပို၍ကောင်းသည်။

ထို့ပြင် သူ မည်မျှပင်နှိုင်းယှဥ်ကြည့်ပါစေ ဤမျက်နှာသည် နဂိုချွန်းမြောင်၏မျက်နှာထက် ပို၍ဆွဲဆောင်မှုရှိပြီး ချောမောသည်။သူထံ၌ ဤမျက်နှာသစ်အတွက် စောဒကတက်စရာမရှိချေ။

သို့ရာတွင် သူ စိတ်မကျေမနပ်ဖြစ်နေရသည့်အချက်မှာ သူ၏ခန္ဓာကိုယ် အလွန်ညှပ်နေခြင်းပင်။

ခြေ လက်များက တိုလွန်းနေသည်။သူ၏ခန္ဓာကိုယ်သည် မွေးရာပါမသန်စွမ်းခြင်းကြောင့်မဟုတ်ဘဲ ကလေးဖြစ်နေခြင်းကြောင့်ပင်။အဆိုးရွားဆုံးမှာ သူ၏ခန္ဓာကိုယ် အရိုးပေါ်အရည်တင်ဖြစ်နေခြင်းပင်။ယခုလက်ရှိချိန်၌ သူ အလွန်မောပန်းပြီးဆာလောင်နေသဖြင့် လက်တစ်ဖက်မြှောက်ရန်ပင် အားမရှိချေ။

အမ်...ဘာပဲဖြစ်ဖြစ်...ဒါက...ငါ အသက်ရှင်နေသေးတာကို ဆိုလိုတာပဲ

ဖြစ်နိုင်သည်က သူ ဝိညာဥ်ကူးပြောင်းလာခြင်းလော။သူ မည်မျှပင်ကြည့်ပါစေ ထိုကလေးကိုကြည့်ရသည်မှာ သူ ဇီးပန်းပွင့်သူတော်စင်ချွန်းမြောင်နှင့် မည်သို့မျှမတူညီချေ။သူ သေဆုံးသွားပြီးနောက် သူ၏စိတ်ဝိညာဥ်သည် သူတောင်းစားကလေးငယ်၏ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိလာသလော။

ဒါက နတ်ဆိုးလမ်းစဥ်လား...ဒါမှမဟုတ် ဗုဒ္ဓရဲ့ပြန်ဝင်စားခြင်းလား...

ဤအကြောင်းအရာများကိုသာ ယခင်က သူ ကြိုသိခဲ့ပါက ဟွာဆန်းဂိုဏ်းသို့ဝင်မည့်အစား ရှောင်လင်ဂိုဏ်းသို့ဝင်ရောက်ခဲ့ပေမည်။

ကောင်းကင်နတ်ဆိုးက သူ့အပေါ်၌ နတ်ဆိုးမှော်ပညာရပ်များ အသုံးပြုမည်ကိုလည်း သူ စိုးရိမ်နေမိသည်။သို့ရာတွင် ကောင်းကင်နတ်ဆိုးသည် လောကကြီးအား အုပ်စိုးနိုင်ပြီဖြစ်သဖြင့် သူ့အား ဤသို့ပြုလုပ်ရန်မလိုအပ်ချေ။

ချွန်းမြောင်က မည်သည့်ကိစ္စများဖြစ်ပျက်နေသည်ကို စေ့စေ့စပ်စပ်မသိရသေးသော်လည်း သူ၏နံဘေးပတ်ဝန်းကျင်ရှိ အရာရာတိုင်းသည် အစစ်အမှန်ဟု သူ ခံစားမိ၏။ဤသည်က အိမ်မက်မဟုတ်သည့်အပြင် ပုံရိပ်ယောင်လည်းမဟုတ်ချေ။သူ၏ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲနေသဖြင့် သူ ပို၍တွေးတောမိလေလေ ပို၍ဒေါသထွက်လာလေလေပင်။

"တကယ်လို့ ငါထိုင်ပြီးတွေးနေရင်တောင် ဘာမှပြောင်းလဲလာမှာမဟုတ်ဘူး...အရင်ဆုံး ဘာတွေဖြစ်နေတာလဲဆိုတာ ငါ သေချာရှာဖွေဖို့လိုအပ်တယ်"

ချွန်းမြောင်က ခုန်ထပြီး သူတောင်းစားများနေရာတဲထံသို့ ပြေးသွားလိုက်သည်။

တစ်နည်းဆိုရလျှင် သူ အပြေးသွားရန် ကြိုးစားလိုက်၏။

ဘုန်း..

ခြေလှမ်းအနည်းငယ်အတွင်းမှာပင် သူ လဲကျသွားသည်။

"သူတောင်းစားကောင်...မင်း ငါ့ကို ရက်ရက်စက်စက်ရိုက်နှက်ထားတာပဲ"

ချွန်းမြောင်၏မျက်လုံးများ ဒေါသကြောင့်ဝင်းဝင်းတောက်နေသည်။

"ဘာတွေပဲဖြစ်နေဖြစ်နေ...မင်း ဒီအတွက်ပြန်ပေးဆပ်ရမယ်"

သေခြင်းသည် သူ၏ဆိုးရွားသောအမူအကျင့်ကို ပြုပြင်ရန်မဖြစ်နိုင်ချေ။

***